# အိန္ဒိယနိုင်ငံသို့ ခရီးဆက်မည့် မြန်မာကွမ်းသီး

အိန္ဒိယနိုင်ငံ Lax Corporation Co,Ltd မှ မြန်မာကွမ်းသီးခြောက်များ လစဉ်တန်ချိန် ရာနှင့်ချီ၍ဝယ်ယူလိုကြောင်း ကမ်းလှမ်းထားရှိပြီး လက်ရှိတင်ပို့နိုင်ရေးအတွက် ဆောင်ရွက်လျက် ရှိကြောင်း မွန်ပြည်နယ်၊ ကွမ်းသီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရှိရပါသည်။

မြန်မာနိုင်ငံတွင်နှစ်စဉ် ကွမ်းသီးတန်ချိန် နှစ်သိန်းသုံးသောင်းခန့်ထွက်ရှိပြီး ပြည်တွင်း စားသုံးမှုထက် များစွာပိုလျှံနေသောကုန်ပစ္စည်းတစ်မယ်ဖြစ်သည့်အပြင် ပြည်ပဝယ်လိုအားရှိသော ကုန်ပစ္စည်းလည်း ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံသို့ ကွမ်းသီးခြောက်များ တင်ပို့ရန်အတွက် နမူနာ ပုံစံများကို အိန္ဒိယနိုင်ငံ ၏ Lax Corporation Co,Ltd သို့ ဇန်နဝါရီလကုန်ပိုင်းက ပေးပို့ထားပြီး ဖြစ်ကြောင်း၊ ပထမအသုတ် အနေဖြင့် (၁၇)တန်ကို ပေ(၂၀) ကွန်တိန်နာပုံး တစ်ပုံးဖြင့်တင်ပို့ပြီး အရည်အသွေး၊ စံချိန်စံညွှန်း များ ကောင်းမွန်လက်ခံ အတည်ပြုပြီးလျှင် တန်ချိန် (၂၀၀) လစဉ် ဝယ်ယူသွားရန်နှင့် ဆက်လက် ၍ ပိုမိုများပြားစွာဝယ်ယူမည်ဟု သဘောတူညီမှုရရှိထားပြီးဖြစ်ကြောင်း သိရပါသည်။

လက်ရှိအခြေအနေတွင် တင်ပို့ရန်အတွက် တင်ပို့မည့်ပုံစံ၊ တင်ပို့ရမည့်နေရာ၊ ဈေးနှုန်း၊ ငွေ ပေးချေမှုပုံစံများအား ဆွေးနွေးညှိနှိုင်းလျက်ရှိပြီး သဘောတူညီမှုရပါက နှစ်ဖက်စာချုပ် ချုပ်ဆို ၍ စတင် တင်ပို့တော့မည်ဖြစ်ကြောင်း မွန်ပြည်နယ်၊ ကွမ်းသီးစိုက်ပျိုး ထုတ်လုပ်တင်ပို့ ရောင်းချ သူများအသင်း ဥက္ကဋ္ဌ ဦးအောင်နေလင်းက ပြောကြားပါသည်။

ကွမ်းသီးစိုက်ပျိုးထွက်ရှိမှုမှာ ၂၀၂၁ ခုနှစ်၊တစ်နိုင်ငံလုံးတွင် စိုက်ပျိုးမှု(၂၅၃၃၇၀) ဧက နှင့် တန်ချိန်နှစ်သိန်းသုံးသောင်းခန့် ထွက်ရှိကြောင်း၊ မွန်ပြည်နယ်တွင် တန်ချိန် (၉)သောင်းခန့်ဖြင့် အများဆုံး ထွက်ရှိပြီး တနင်္သာရီတိုင်းဒေသကြီးတွင် တန်ချိန်(၈)သောင်းကျော်ဖြင့် ဒုတိယ အများဆုံး ထွက်ရှိကြောင်း၊ မွန်ပြည်နယ်သည် ကွမ်းသီးအထွက်နှုန်း အများဆုံးဒေသ ဖြစ်ပြီး တစ်ဧကေ အထွက်နှုန်းမှာ (၁၀၈၉.၉၉)ပိဿာ ဖြစ်ကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံသည် ကွမ်းသီးလိုအပ်ချက်များပြီး တန်ဘိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရန် အတွက် ဝယ်ယူခြင်းဖြစ်သည့်အပြင် ကမ္ဘာ့ဝယ်လိုအားနှင့် အာရှဝယ်လိုအားတွင် ထိပ်တန်းနိုင်ငံ တစ်ခု ဖြစ်တာကြောင့် မြန်မာကွမ်းသီးများ တိုးမြှင့်တင်ပို့နိုင်ရေး၊ ဈေးကွက်ရရှိရေးအတွက် ကြိုးစားဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

ယခုကဲ့သို့ မြန်မာ့ကွမ်းသီးများ အိန္ဒိယနိုင်ငံမှ ဝယ်ယူရန် ကမ်းလှမ်းလာမှုကြောင့် ပြည်ပ ဈေးကွက်ဝင် ကုန်ပစ္စည်းတစ်မျိုး ဖြစ်လာတော့မည့်အပြင် ပြည်တွင်းရှိ ကွမ်းသီး စိုက်ပျိုးထုတ် လုပ်သူ တောင်သူများ၊ ကွမ်းသီးလုပ်ငန်းရှင်များအနေဖြင့် ဈေးကောင်းရရှိကာ အဆင်ပြေတော့ မည် ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

Source: မွန်ပြည်နယ်ဦးစီးမှူးရုံး

## ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကွမ်းသီးစိုက်ပျိုးထုတ်လုပ်မှု

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | စိုက်ဧရိယာ (ဧက) | ရိတ်သိမ်းဧရိယာ (ဧက) | အထွက်နှုန်း (တင်း) | အထွက် (တင်း) | အထွက် (တန်) |
|---|---|---|---|---|---|---|
| ၁ | နေပြည်တော်ကောင်စီနယ်မြေ | ၂ | ၂ | ၂၇၀.၀၀ | ၅၄၀ | ၀.၈၁၀၆ |
| ၂ | ကချင်ပြည်နယ် | ၁၀၇၈ | ၇၂၈ | ၇၀၉.၈၈ | ၅၁၆၇၈၉ | ၈၄၃.၇၃၇ |
| ၃ | ကယားပြည်နယ် | ၁၂၅ | ၁၀၇ | ၄၁၅.၆၅ | ၄၄၄၇၅ | ၇၂.၆၁၂ |
| ၄ | ကရင်ပြည်နယ် | ၂၅၀၀၆ | ၂၃၉၅၉ | ၆၄၃.၈၁ | ၁၅၄၂၅၁၂၃ | ၂၅၁၈၃.၈၇၄ |
| ၅ | ချင်းပြည်နယ် | ၁၄ | ၁၄ | ၁၇၅.၀၀ | ၂၄၅၀ | ၄ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၅၃၄ | ၁၄၇၅ | ၃၄၃.၈၈ | ၅၀၇၂၁၆ | ၈၂၈.၁၀၈ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၁၃၅၆၈၁ | ၉၁၀၆၃ | ၅၃၈.၉၅ | ၄၉၀၇၈၇၄၉ | ၈၀၁၂၈.၅၇၀ |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၂၅၆၇ | ၂၅၆၂ | ၅၉၁.၅၃ | ၁၅၁၅၄၉၃ | ၂၄၇၄ |
| ၉ | မကွေးတိုင်းဒေသကြီး | - | - | - | - | - |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၁၇၇၀ | ၁၇၆၈ | ၃၇၅.၂၆ | ၆၆၃၄၅၃ | ၁၀၈၃.၁၈၈ |
| ၁၁ | မွန်ပြည်နယ် | ၅၆၂၆၁ | ၅၂၅၉၂ | ၁၀၁၆.၉၁ | ၅၃၄၈၁၅၉၃ | ၈၇၃၁၆.၈၈၆ |
| ၁၂ | ရခိုင်ပြည်နယ် | ၆၆၅၉ | ၆၄၇၅ | ၉၇၄.၆၁ | ၆၃၁၀၆၀၄ | ၁၀၃၀၃.၀၁၇ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၆၀၅ | ၆၀၅ | ၄၇၅.၇၃ | ၂၈၇၈၁၆ | ၄၆၉.၉၀၃ |
| ၁၄ | ရှမ်းပြည်နယ် | ၁၃၅ | ၁၂၃ | ၃၆၀.၃၆ | ၄၄၃၂၄ | ၇၂.၃၆၆ |
| | ရှမ်းပြည်နယ်(တောင်ပိုင်း) | ၁၁၆ | ၁၀၉ | ၃၅၉.၉၄ | ၃၉၂၃၄ | ၆၄.၀၅၅၅ |
| | ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၁၄ | ၉ | ၅၃၁.၆၇ | ၄၇၈၅ | ၇.၈၁၂ |
| | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၅ | ၅ | ၆၁.၀၀ | ၃၀၅ | ၀.၄၉၈ |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၂၁၉၃၃ | ၁၇၁၁၄ | ၇၃၈.၃၇ | ၁၂၆၃၆၅၁၄ | ၂၀၆၃၀.၀၄၃ |
| | **ပြည်ထောင်စုချုပ်** | **၂၅၃၃၇၀** | **၁၉၈၅၈၇** | **၇၀၇.၅၇** | **၁၄၀၅၁၅၁၃၉** | **၂၂၉၄၁၂.၄၇၂** |

**Source: စိုက်ပျိုးရေးဦးစီးဌာန**

**မှတ်ချက်။ ၁ တန်= ၆၁၂.၅၀ ပိဿာဖြင့် တွက်ချက်ထားပါသည်။**

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ကွမ်းသီးစိုက်ပျိုးထုတ်လုပ်မှုအခြေအနေ

| စဉ် | ခရိုင်/မြို့နယ် | စိုက်ဧက | အသီးခူးဧက | အထွက်နှုန်း | အထွက်ပိဿာ |
|---|---|---|---|---|---|
| **ကျိုက်ထိုခရိုင်** | | **၁၁၄၉** | **၁၀၉၈** | **၉၀၁.၃၃** | **၉၈၉၆၆၃** |
| ၁ | ကျိုက်ထို | ၂၇၀ | ၂၁၉ | ၆၄၅.၇၉ | ၁၄၁၄၂၈ |
| ၂ | ဘီးလင်း | ၈၇၉ | ၈၇၉ | ၉၆၅.၀၀ | ၈၄၈၂၃၅ |
| **သထုံခရိုင်** | | **၆၂၈** | **၆၂၈** | **၈၉၀.၆၅** | **၅၅၉၃၂၇** |
| ၃ | သထုံ | ၃၁၁ | ၃၁၁ | ၆၃၄.၄၅ | ၁၉၇၃၁၃ |
| ၄ | ပေါင် | ၃၁၇ | ၃၁၇ | ၁၁၄၂.၀၀ | ၃၆၂၀၁၄ |
| **မော်လမြိုင်ခရိုင်** | | **၂၅၅၄** | **၂၂၆၉** | **၂၉၄၄.၆၄** | **၆၆၈၁၃၈၉** |
| ၅ | မော်လမြိုင် | ၈၉၈ | ၈၉၈ | ၁၂၂၈.၀၀ | ၁၁၀၂၇၄၄ |
| ၆ | ချောင်းဆုံ | ၁၄၀ | ၁၄၀ | ၇၃၀.၀၀ | ၁၀၂၂၀၀ |
| ၇ | ကျိုက်မရော | ၆၉၅ | ၆၄၇ | ၉၅၁.၆၇ | ၆၁၅၇၃၀ |
| ၈ | မုဒုံ | ၁၀၉ | ၁၀၄ | ၇၉၁.၀၁ | ၈၂၂၆၅ |
| ၉ | သံဖြူဇရပ် | ၇၁၂ | ၄၈၀ | ၉၉၅၅.၁၀ | ၄၇၇၈၄၅၀ |
| **ရေးခရိုင်** | | **၅၂၁၇၇** | **၄၅၁၇၂** | **၁၀၀၄.၁၉** | **၄၅၃၆၁၀၆၂** |
| ၁၀ | ရေး | ၅၂၁၇၇ | ၄၅၁၇၂ | ၁၀၀၄.၁၉ | ၄၅၃၆၁၀၆၂ |
| | **ပြည်နယ်ချုပ်** | **၅၆၅၀၈** | **၄၉၁၆၇** | **၁၀၈၉.၉၉** | **၅၃၅၉၁၄၄၁** |